## Myittha People’s Defense Force

## မြစ်သားမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့

ထုတ်ပြန်ကြေညာချက်အမှတ် ၃/၂၀၂၁

# စစ်ကောင်စီ၏ ယန္တရားများအား ဖောက်ခွဲဖျက်ဆီးမှုကို ကြေညာခြင်း

ရက်စွဲ။ ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ(၅)ရက်။

မြစ်သားမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ အနေဖြင့် အာဏာသိမ်းစစ်ကောင်စီ၏ အုပ်ချုပ်ရေးယန္တရား ရပ်တန့်စေရန် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အားလုံးကို တော်လှန်တိုက်ခိုက်သွားမည်ကို ကြေညာထားခဲ့ပြီး ဖြစ်သည်။

ထိုကြေညာချက်အတိုင်း ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ(၅)ရက်နေ့ ညနေ (၆:၀၀) အချိန်ခန့်တွင် မန္တလေးမှ ရန်ကုန်သို့ စုန်လာသော ရထားတစ်စင်းအား မြစ်သားမြို့ တောင်ဘက်အထွက် စမာတံတား(ရထားလမ်း)အနီးတွင် မိမိတို့တပ်ဖွဲ့ဝင်များမှ ဖောက်ခွဲဖျက်ဆီးခဲ့သည်။ မျက်မြင်လူထု၏ ပြောကြားချက်အရ တွဲဆိုင်းနှစ်ခု ပျက်ဆီးခဲ့သည်ဟု သိရသည်။

ထိုလုပ်ရပ်သည် စစ်ကောင်စီ၏ ယန္တရားများ ရပ်တန့်စေရန်အတွက် ရည်ရွယ်၍ ဖောက်ခွဲသတိပေးခြင်း ဖြစ်သည်။ ထိုကဲ့သို့ သတိပေးခြင်းအား လိုက်နာခြင်းမရှိဘဲ ဆက်လက်သွားလာခြင်းပြုပါက သွားလာခြင်းပြုလုပ်သော ရထားများအားလုံးကို ဖောက်ခွဲဖျက်ဆီးသွားမည် ဖြစ်ကြောင်း သတိပေးကြေညာလိုက်သည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့

မြစ်သားမြို့နယ်